ချက်ချင်း ထုတ်ပြန်ရန်။ စက်တင်ဘာလ ၃၀ ရက်၊ ၂၀၁၃ ခုနှစ်။ လက်ကိုင်ဖုန်း- +၉၅ (၀) ၉၄၄၈၀၇၃၂၂၁၀

# သတင်းထုတ်ပြန်ချက်

## အစီရင်ခံစာ အသစ်- ရွှေဂက်စ်စီမံကိန်းက စံနမူနာ အန္တရာယ်ကို ပြသလိုက်ပြီ။

ရန်ကုန်၊ မြန်မာ- ။ ရွှေဂက်စ် လှုပ်ရှားမှု အဖွဲ့ က အသစ်ထုတ်ပြန်လိုက်သော အစီရင်ခံစာက သယံဇာတ တူးဖော်ရေး လုပ်ငန်းနှင့် ပါတ်သက်ပြီး စံနမူနာ အန္တရာယ်ကို ပြသနေပြီး မြေယာ သိမ်းဆည်းမှု၊ လုပ်ငန်းခွင် အခွင့်အရေး ခေါင်းပါးမှုစသည့် လူ့အခွင့်အရေးချိုးဖောက်မှု များအပြင် ၊သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် တိုင်းရင်းသား လူမျိုးများအကြား တင်းမာမှုများ

ဖြစ်စေ မှုများကြောင့် ရွှေဂတ်စီမံကိန်းကို ရပ်တန့်ရန် တောင်းဆိုလိုက်သည်။

***စည်းသားခြင်း။ မြန်မာနိုင်ငံ သယံဇာတ ထုတ်လုပ်ရေး တိုးတက်ကောင်းမွန်စေရန် တရုတ်၏ ရွှေဂက်စ်စီမံကိန်းအား ဆန့်ကျင်ခြင်း။*** ဟု အမည်ပေးထားသည့် အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ တိုးတက်များပြားလာနေသော သယံဇာတ တူးဖော်ထုတ်လုပ်မှု ကဏ္ဍကို စံနမူနာအဖြစ် လေ့လာထားသည်။ သက်ရောက်မှု ရှိတဲ့ ဒေသတွေက ဒေသခံတွေရဲ့ ပြောကြားချက်တွေနဲ့ မြန်မာနိုင်ငံရဲ့ ဥပဒေ အခင်းအကျင်းတွေ အပေါ်မူတည်ပြီး အားနည်းတဲ့ အုပ်ချုပ်မှု၊ ဝင်ငွေခွဲဝေမှု မမျှတခြင်း၊ နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ ရပ်ဆိုင်းဖို့ အင ကြောင်းရင်းတွေ ဖြစ်တယ်လို့ အစီရင်ခံစာက ကောက်ချက်ချထားပြီး ထို အခြေခံကျသော ပြဿနာတွေကို ေ ဖရှင်းခြင်းအားဖြင့် နိုင်ငံမှာ အမြန်ဆုံးတိုးတက်နေတဲ့ ကဏ္ဍတခုအတွက် အနာဂတ်ရင်းနှီးမြှုပ်နှံမှုများအား အာမခံချက် ပိုမိုရှိစေမှာ ဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။

နောင်လာမည့် နှစ်ပေါင်း ၃၀ အတွင်း ခန့်မှန်းခြေအရ အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ ၅၄ ဘီလီယံ ဝင်ငွေရှိမည့် ဤ ရွှေဂက်စ်စီမံချက်တွင် မြန်မာနိုင်ငံ အနောက်ဖက် ကမ်းခြေမှာ တရုတ်နိုင်ငံတောင်ပိုင်းသို့ သဘာ ဝ ဓါတ်ငွေ့နှင့် ရေနံစိမ်းတင်ပို့မည့် ပိုက်လိုင်း ညီနောင် စီမံကိန်း ပါဝင်သည်။ စီမံကိန်းဟာ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ လျှပ်စစ်မီး မရရှိသေးသည့် အဆင်းရဲဆုံး လူနေ ဒေသများကို ဖြတ်သန်းသွားပြီး ရှမ်းပြည်မြောက်ပိုင်းတွင်မူ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသများကို ဖြတ်သန်းသွားသည်။

"အခုအချိန်ဟာ သယံဇာတ ထုတ်လုပ်မှု ကဏ္ဍအတွက် အရေးကြီးတဲ့ အချိန်ဖြစ်ပ ါတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းမှာ ပေါ်လာမယ့် ရင်းနှီးမြှုပ်နှံသူတွေအတွက် နမူနာဆိုးမဖြစ်စေချင်ပါဘူး။ မျှတတဲ့ အကျိုးစီးပွား ခံစားခွင့်ရှိပြီး လူသားဆန်တဲ့ အခြေအနေတွေကသာ ပဋိပက္ခကင်းရှင်းတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေမှာ ဖြစ်တယ်။ " လို့ ရွှေဂက်စ်လှုပ်ရှားမှု က ပူးပေါင်း ဆောင်ရွက်ရေး တာဝန်ခံ ဝင်းအောင်က ပြောသည်။

ဒီအစီရင်ခံစာ ထွက်ရှိချိန်ဟာ မကြာသေးခင်က ရွှေဂက်စ် ပိုက်လိုင်းကို ဖွင့်လှစ်လိုက်ပြီး ရေနံနဲ့ သဘာ ဝ ဓါတ်ငွေ့ လုပ်ကွက် အသစ် ၃၀ ကို နိုင်ငံခြား ကုမ္ပဏီတွေအတွက် ဖွင့်လှစ်ပေးချိန်နဲ့ တိုက်ဆိုင်နေသကဲ့သို့ သယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ အများအပြား ဝင်ရောက်လာဖို့ မီးစိမ်းပြသကဲ့သို့ ဖြစ်သည့် သယံဇာတရင်းမြစ် ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (အီးအိုင်တီအိုင်- Extractive Industries Transparency Initiative) လုပ်ထုံးလုပ်နည်းများ ကို ဒီဇင်ဘာလ မကုန်မီတွင် လက်မှတ်ရေးထိုးရန် ကိစ္စနှင့် ပါတ်သက်၍ အစိုးရနှင့် လူထု အဖွဲ့အစည်းများအကြား အားပြိုင်နေချိန်လည်း ဖြစ်သည်။ ယခုနှစ် ၂၀၁၃ မေလ အတွင်းက ဝင်ငွေ စောင့်ကြည့်ရေး အဖွဲ့ (Revenue Watch Institute )ကလည်း မြန်မာနိုင်ငံ၏ သယံဇာတ စီမံခန့်ခွဲမှုသည် ကမ္ဘာတွင် အားအနည်းဆုံး ဖြစ်ကြောင်း ထုတ်ပြန်ကျေညာထားခဲ့သည်။

ယခုကဲ့သို့ ေ ဝဖန်မှုများရှိနေပြီး မြန်မာနိုင်ငံအတွင်း သယံဇာတထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် တာစူနေချိန်အတွင်း အခွင့်အရေး ချိုးဖောက်မှုများနှင့် အနာဂါတ်တွင် မမျှတမှုများ၊ အိုးအိမ်ရွှေ့ပြောင်းရမှုများ ရ ူတ်ထွေးမှုများကို ရှောင်ရှားရန် တခုသော နည်းလမ်းမှာ စီမံခန့်ခွဲမှု အားနည်းချက်နှင့် တိုင်းရင်းသား လူမျိုးစုများ တိုးတက်ဖွံ့ဖြိုးရေး ပြဿနာကို ဖြေရှင်းနိုင် သည်အထိ ရွှေဂက်စ် ပိုက်လိုင်း စီမံချက်နှင့် အလားတူ စီမံကိန်းများကို ရပ်ဆိုင်းထားရန် ဤ အစီရင်ခံစာက ကောက်ချက်ချထားသည်။

**Shwe Gas Movement promotes human rights, environmental justice and revenue transparency within Burma's oil and gas sector in Burma.www.shwe.org |www.facebook.com/shwegas |**